# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 23 , 2023 Volume 62, Number 15

**၂၃.၁.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၁.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၇.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၁.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၁.၀၄ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၁၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## မူပိုင်ခွင့်ဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးဖွင့်လှစ်မည့်နေရာနှင့် ဝန်ကြီးဌာနပိုင်သိုလှောင်ရုံများအား စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကြည့်ရှုစစ်ဆေး



http://commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ၁၃:၀၀ နာရီ အချိန်၌ ရန်ကုန်တိုင်းဒေသကြီးရုံး အဆောက်အဦတွင် မူပိုင်ခွင့်ဦးစီးဌာန၊ ရန်ကုန်တိုင်းရုံး ဖွင့်လှစ်မည့်နေရာအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရုံးသစ်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်ဆက်စပ်ပစ္စည်းများရရှိရေး၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေးနှင့် မကြာမီကာလအတွင်း ကုန်အမှတ်တံဆိပ်ဥပဒေ အာဏာသက်ဝင်ဆောင်ရွက်တော့မည်ဖြစ်၍ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိရေးကိစ္စရပ်များ မှာကြားခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် သိုလှောင်ရုံများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)၊ သင်တန်းအမှတ်စဉ် (၆) တက်ရောက်ပို့ချလျက်ရှိသည့် အခြေအနေများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကြည့်ရှုစစ်ဆေး



https://www.commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ ၁၂:၀၀ နာရီအချိန်၌ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)တွင် အစိုးရဝန်ထမ်းနှင့်ပုဂ္ဂလိကကဏ္ဍမှလုပ်ငန်းရှင်များ ကုန်သွယ်မှုနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာ ဗဟုသုတများတိုးပွားစေရန်၊ အရည်အသွေးမီသင်တန်းများပို့ချခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်နှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းအမှတ်စဉ် (၆) တက်ရောက်ပို့ချလျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။

အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍမှ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် နိုင်ငံတကာနှင့်ဆက်စပ်၍ ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သိရှိထားရမည့်အခြေခံအချက်များ တတ်ကျွမ်းနားလည်ရေး၊ ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများပိုမိုသိရှိစေရေး၊ အမြဲပြောင်းလဲလျက်ရှိသည့် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ လုပ်နည်းလုပ်ဟန်များ စဉ်ဆက်မပြတ် လေ့လာသင်ယူရေးနှင့် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်၍ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးများကို ပြောကြားခဲ့သည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%8

## ပို့ကုန်အမည်သစ်တစ်မျိုးဖြစ်သည့် ရှမ်းနှမ်းစေ့ကို မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့တင်ပို့

မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်အမည်သစ်တစ်မျိုးဖြစ်သည့် ရှမ်းနှမ်းစေ့ကို ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန်မှ ထုတ်ပြန်ထားသည်။ အဆိုပါ ရှမ်းနှမ်းပင်ကို ရှမ်းပြည်နယ် အောင်ပန်း၊ ကလောဒေသတို့တွင် စက်တင်ဘာတွင်စိုက်ပျိုး၍ နှစ်လခန့်အကြာ နိုဝင်ဘာတွင် အစေ့ထုတ်ယူနိုင်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာတွင် ထိုင်းဈေးကွက် ဝယ်လိုအားရရှိသဖြင့် မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံသို့ အမည်သစ်အနေဖြင့် တင်ပို့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထိုင်းနိုင်ငံတွင် အဆိုပါ ရှမ်းနှမ်းစေ့ကိုခေါပုတ်ပြုလုပ်ရာ၌ လည်းကောင်း၊ ခေါက်မုန့်၊ ဘိန်းမုန့်၊ အီကြေးမုန့်စသည့် ထိုင်းမုန့်များတွင် အပေါ်ယံဖြူး၍ နှမ်းအစားထိုး အသုံးပြုရာတွင် လည်းကောင်း၊ ဟင်းရည်ချက်ပြုတ်ရာတွင် အဆိုပါအစေ့ကိုခတ်၍လည်းကောင်း အသုံးပြုကြသည်ဟု သိရသည်။ ကိုရီးယားနိုင်ငံတွင်လည်း ထိုင်းနိုင်ငံကဲ့သို့ မုန့်လုပ်ရာတွင် အသုံးပြုကြသည့်အပြင် ရှမ်းနှမ်းပင်အရွက်ကို အသားများ ဖက်လိပ်ထုပ်၍ စားသောက်သည့် အရွက်တစ်မျိုးအဖြစ် ပိုမိုတွင်ကျယ်စွာ အသုံးပြုကြသည်ဟု သိရသည်။

ရှမ်းပြည်နယ် အောင်ပန်း၊ ကလောတွင် ရှမ်းနှမ်းစေ့ဝယ်ရင်းဈေး တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြစ်ပြီး ရှမ်းပြည်နယ်မှ မြဝတီမြို့အထိ ကားခ ၁၆ တန်တင်ဆောင်သည့် ၁၂ ဘီး ယာဉ်တစ်စီးလျှင် ကျပ် ၂၅ သိန်း ကုန်ကျသဖြင့် တစ်ပိဿာလျှင် ကားခ ၂၅၅ ကျပ် ကျသင့်သည်။ နှစ်ရာခိုင်နှုန်း အခွန်ပေးဆောင်မှုအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၂၀ ကျသင့်ပြီး အထွေထွေကုန်ကျစရိတ်သည် တစ်ပိဿာလျှင် ၁၀ ကျပ် ကျသင့်သည်ဟုသိရသည်။ သို့ဖြစ်ရာ တစ်ပိဿာ စုစုပေါင်း ကုန်ကျစရိတ်သည် ၂၇၈၅ ကျပ်ဖြစ်ပြီး ၁၆ တန် ၁၂ ဘီးယာဉ်တစ်စီးအတွက် ကုန်ကျစရိတ် ၂၇၂၉၅၆၄ ကျပ်ဖြစ်ကြောင်း သိရသည်။

မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံသို့ ရှမ်းနှမ်းစေ့ တင်ပို့မှုအခြေအနေမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ ကုမ္ပဏီနှစ်ခုမှ ၇၆ တန်ချိန်၊ တန်ဖိုးဘတ် ၁၇ ဒသမ ၄၈၁ သန်း၊ ဒေါ်လာ သုညဒသမ ၀၅၃ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့မှု၏ ၆၄ ရာခိုင်နှုန်းကို အာရှဒေသသို့ တင်ပို့ခဲ့ပြီး အီးယူသို့တင်ပို့မှု ၂၈ ဒသမ ၉ ရာခိုင်နှုန်းကျော်ရှိခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်အများဆုံးတင်ပို့ခဲ့သည့်နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ ဂျပန်၊ အမေရိကန်နှင့်ဂျာမနီတို့ဖြစ်ကြောင်းသိရသည်။ ယင်းကာလအတွင်း ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ စုစုပေါင်းပို့ကုန်၏ ၂၂ ဒသမ ၇ ရာခိုင်နှုန်း တင်ပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိကြောင်း သိရသည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန် သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၉၀၆၈ ဒသမ ၉၁၄ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်း ရရှိခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၁၃၆ ဒသမ ၈၇၈ သန်း၊ သွင်းကုန်ဒေါ်လာ ၁၆၅၇၇ ဒသမ ၉၄၈ သန်းဖြင့် ကုန် သွယ်မှုပမာဏ ဒေါ်လာ ၂၇၇၁၄ ဒသမ ၈၂၆ သန်းရရှိခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၉၉၈ ဒသမ ၅၄၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၇၂၁၁ ဒသမ ၀၆၂ သန်းဖြင့် ကုန် သွယ်မှုပမာဏ ဒေါ်လာ ၂၉၂၀၉ ဒသမ ၆၀၇ သန်း ရရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၄၈၈၃ ဒသမ ၁၆၀ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၆၉၄ ဒသမ ၈၉၂ သန်းဖြင့် ကုန် သွယ်မှုပမာဏဒေါ်လာ ၃၃၅၇၈ ဒသမ ၀၅၂ သန်း ရရှိခဲ့သည်။

၂၀၁၈ ခုနှစ် Mini Budget တွင် ပို့ကုန်ဒေါ်လာ ၈၈၆၁ ဒသမ ၀၃၂ သန်း၊ သွင်းကုန်ဒေါ်လာ ၉၈၆၇ ဒသမ ၇၈၃ သန်းဖြင့် ကုန် သွယ်မှုပမာဏ ဒေါ်လာ ၁၈၇၂၈ ဒသမ ၈၁၅ သန်း ရရှိခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၇၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၈၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန် သွယ်မှုပမာဏ ဒေါ်လာ ၃၅၁၄၇ ဒသမ ၀၁၂ သန်းရရှိခဲ့သည်။

**Source:** https://news-eleven.com/article/243416

## ဈေးကွက်ကောင်းလာနိုင်သည့် မြန်မာ့ပြောင်း

မြန်မာ့ပြောင်းဈေးကွက်သည် ကျန်ခဲ့သည့်နှစ်တွင် ဒေသတွင်း အာဆီယံဈေးကွက်နှင့် အိမ်နီးချင်းနိုင်ငံများသို့ ထိုးဖောက်မှုများရှိခဲ့သော်လည်း ပြောင်းစိုက်တောင်သူများအတွက် မျှော်လင့်ချက်များ မပြည့်ဝခဲ့သည့် အခြေအနေမျိုးကြုံခဲ့သည်။

ယမန်နှစ်ဈေးကွက်တွင် အာဆီယံနှင့်အိမ်နီးချင်းနိုင်ငံများမှ ဝယ်ယူမှုများရှိလာခဲ့ပြီး ရောင်းချရမှု နယ်ပယ် ကျယ်ပြန့်လာမှုနှင့်အတူ ဈေးကွက်အပေါ်တွင်လည်း အလားအလာကောင်းများ မှန်းဆခဲ့ကြသည်။ သို့ရာတွင် ကုန်သွယ်ရေးသည် ကိုဗစ်အပါအဝင် အကြောင်းအရင်းများစွာဖြင့် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး အခြားတစ်ဖက်တွင်လည်း သွင်းအားစုဈေးကြီးမြင့်မှု၊ မျိုးအခက်အခဲ၊ နိုင်ငံခြားငွေကြေးအပြောင်းအလဲများ၊ တင်ပို့မှုအခက်အခဲနှင့် ထွက်နှုန်းကျဆင်းမှုများသည် တောင်သူများအတွက် ထင်သလောက်အကျိုးအမြတ်မရရှိခဲ့ဘဲ အချို့ဒေသတောင်သူများအတွက်မူ စိန်ခေါ်မှုအဖြစ်ဆက်ရှိနေခဲ့ခြင်းလည်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ကမ္ဘာ့ပြောင်းဈေးနှုန်းကျဆင်းနေချိန် ဩဂုတ်လအစောပိုင်းတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးမှ ပြောင်းတင်ပို့မှုမှာ မရှိသလောက်ဖြစ်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၅)လတာစာရင်းကိုကြည့်လျှင်လည်း ပြည်ပသို့ ပြောင်းတန်ချိန် နှစ်သန်းကျော် တင်ပို့ခဲ့သည့်အခြေအနေတွင် မြဝတီနယ်စပ်မှ ထိုင်းသို့တင်ပို့မှုသည် ဒေသအခြေအနေများကြောင့် ရပ်နားမှုများဖြစ်ပေါ်ခဲ့သည်ဟု ပြောင်းစိုက်တောင်သူများက ဆိုကြသည်။

"နယ်စပ်မှာ အခြေအနေကြောင့် ပြောင်းဈေးက ပုံမှန်မရှိခဲ့ဘူး။ ပြီးခဲ့တဲ့နှစ်နိုဝင်ဘာမှာ ပြောင်းတစ်ပိဿာကို ၁၀၀၀ ကျပ်ကျော်ရခဲ့ပေမယ့် နှစ်ကုန်ဒီဇင်ဘာမှာ ဂိတ်ကပြန်ပိတ်သွားတယ်။ နောက်တော့ တစ်ပိဿာကို ၉၀၀ ကျပ်လောက် ဈေးဖြစ်သွားတယ်။ ပြီးခဲ့တဲ့နှစ်အခြေအနေပေါ့"ဟုလည်း ရှမ်းပြည်နယ်၊ သီပေါဒေသခံတစ်ဦးက ဖြစ်ပေါ်ခဲ့သည့် အခက်အခဲကိုပြောပြသည်။

မြန်မာ့ပြောင်းကုန်စည်အတွက် ကိုဗစ်-၁၉ ကပ်ရောဂါစတင်ချိန်မှစကာ စိန်ခေါ်မှုကြီးမားခဲ့တာဖြစ်ပြီး ကပ်ရောဂါကြောင့် သွင်းအားစုနှင့်မျိုးစရိတ်များ ကြီးမြင့်လာမှုကို တောင်သူများခံစားခဲ့ကြရသည်။ ဒါ့အပြင် တရုတ်နိုင်ငံသို့ ပြောင်းကုန်စည်တင်ပို့မှုသည်လည်း ကပ်ရောဂါကြောင့် နယ်စပ်ဂိတ်များပိတ်ခြင်းနှင့်အတူ ကုန်စည်စီးဆင်းမှု ရပ်နားခြင်းများရှိခဲ့ရာ ပြောင်းစိုက်တောင်သူများသည် စားဝတ်နေရေးအရ အထားခံသော ကုန်ဖြစ်သော်လည်း ရသည့်ဈေးဖြင့် ရောင်းချခဲ့ရခြင်းများလည်းရှိခဲ့ကြောင်း ပြောင်းစိုက်တောင်သူများက ဆိုခဲ့ကြသည်။

သို့ရာတွင် အထက်ကဆိုခဲ့သလို ပြီးခဲ့သည့်နှစ်တွင်တော့ မြန်မာ့ပြောင်းအတွက် ဈေးကွက်အရ မျှော်လင့်ချက်များလည်း ထားနိုင်ခဲ့သည်။ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့်လည်း တိုးတက်သော ဈေးကွက်ဖော်ဆောင်မှုများရှိခဲ့သလို ထိုင်းနိုင်ငံနှင့်လည်း ကုန်သွယ်ရေးတိုးမြှင့် ဆောင်ရွက်မှုများရှိခဲ့သည်။ မြန်မာ့ပြောင်းကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန် ကုမ္ပဏီများကို ခေါ်ယူမှုများရှိခဲ့ပြီး တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ သွင်းကုန်နှင့်ပို့ကုန် အစားအစာဘေးကင်းလုံခြုံရေး ဗျူရို(GACC)၏ ခွင့်ပြုချက်ဖြင့် တင်ပို့မှုများ စတင်နိုင်ရန် အစပျိုးနိုင်ခဲ့သည်။ ပြီးခဲ့သည့်နှစ်တွင် ပြောင်းဈေးကျဆင်းချိန်များရှိခဲ့သလို တစ်ပိဿာလျှင် ရန်ကုန်ဈေး ၁၀၂၀ ကျပ်နှင့် မြဝတီဈေး ၁၀၇၀ ကျပ်ဝန်းကျင် ရရှိခဲ့သည့်ကာလများလည်းရှိခဲ့သည်။

အမှန်တကယ်တွင်မူ မြန်မာ့ပြောင်းကုန်စည်အတွက် ဈေးကွက်သည် သုံးစွဲအားကောင်းသည့် အိမ်နီးချင်းနိုင်ငံများရှိနေခြင်းကြောင့် မြန်မာ့မြေမှ ထွက်သမျှပြောင်းအတွက် ဈေးကွက်အဝေးကြီးရှာစရာမလိုဘဲ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများသို့ ရောင်းချခြင်းအားဖြင့် ဈေးကွက်အဆင်ပြေနိုင်သည်ဟု သုံးသပ်ချက်များလည်းရှိသည်။ "ကမ္ဘာ့ပေါက်ဈေးနဲ့ ယှဉ်ရောင်းနိုင်ပြီလား။ ဈေးကွက်ဈေးနှုန်းကိုယှဉ်နိုင်ပြီလား တခြားနိုင်ငံတွေရဲ့ ထုတ်ကုန်တွေပေါ် အရည်အသွေးယှဉ်နိုင်ပြီဆိုရင်တော့ မြန်မာနိုင်ငံရဲ့ ထွက်သမျှပြောင်းက အဝေးကြီးရှာစရာမလိုဘူး အိမ်နီးနားချင်းနိုင်ငံနဲ့ ဒေသတွင်းနိုင်ငံနဲ့တင် လုံလောက်ပါတယ်။ အရည်သွေးကိုထိန်းသိမ်းရမယ်။ တစ်ဖက်ကရဲ့ ကုန်ကျစရိတ်ကို လျှော့ချဖို့ လိုအပ်လာမယ်။ တစ်ဖက်ကရဲ့အထွက်နှုန်းကို တိုးလာအောင်ဆောင်ရွက်ဖို့လိုအပ်မယ်" ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဥက္ကဋ္ဌမှ ပြည်တွင်းမီဒီယာတွင် ဆိုထားမှုများရှိနေသည်။

ထို့အတူ ယခု ၂၀၂၃ ခုနှစ်ကိုကြည့်လျှင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် နှစ်သန်းဝန်းကျင် တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းကဆိုထားသည်။ လက်ရှိတွင် ပင်လယ်ရေကြောင်းမှတဆင့် တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်တို့ကို တင်ပို့လျက်ရှိနေပြီး တရုတ်နိုင်ငံသို့ GACC ခွင့်ပြုချက်ဖြင့် ပြောင်းများ တင်ပို့နေတာလည်းဖြစ်သည်။ လက်ရှိတွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုအနေဖြင့် နယ်စပ်လမ်းကြောင်းမှ တင်ပို့မှု မချောမွေ့သေးတာကြောင့် အကျိုးအမြတ် ရသင့်သလောက် မရရှိသေးကြောင်း လုပ်ငန်းရှင်များမှ သုံးသပ်ကြသည်။

"ဈေးကွက်က အရင်ကထက်တော့ ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။ အထူးသဖြင့် logistic အရ တွက်ခြေကိုက်တဲ့ အနီးနားက တရုတ်နိုင်ငံနဲ့လည်း တင်ပို့မှုတရားဝင်ဖြစ်လာတော့ ပိုပြီးအဆင်ပြေလာမလားဆိုတာ ကြည့်ရမှာပေါ့။ နောက်ပြီး ထိုင်းနိုင်ငံနဲ့ကလည်း အခွန်ကင်းလွတ်ခွင့်နဲ့ ပြောင်းတင်ပို့လို့ရမယ့် အခြေအနေရှိနေတော့ ဈေးကောင်းရဖို့ မျှော်လင့်နိုင်တာပေါ့ " ဟု မြဝတီနယ်စပ်ပြောင်းကုန်သည်တစ်ဦးက သုံးသပ်ပြောဆိုသည်။

လက်ရှိတွင် ပင်လယ်ရေကြောင်းမှ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်တို့ကို ပြောင်းတင်ပို့လျက်ရှိနေပြီဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြောင်းတန်ချိန် သုံးသန်းဝန်းကျင်ထွက်ရှိနိုင်ကြောင်း ပြောင်းလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

မြန်မာပြည်တွင်းသုံးစွဲမှုအနေဖြင့် နှစ်စဉ်ပြောင်းတန်ချိန် တစ်သန်းဝန်းကျင်ရှိပြီး တိုင်းနှင့်ပြည်နယ် (၇)ခုတွင် ပြောင်းစိုက်ကေ တစ်သိန်းခွဲဝန်းကျင်ရှိနေကြောင်းသိရသည်။ မြန်မာ့ပြောင်းအနာဂတ်သည် အရည်အသွေးပိုင်း ထိန်းသိမ်းခြင်း၊ တစ်ဧကရဲ့ကုန်ကျစရိတ်ကို လျှော့ချခြင်းများဖြင့် အထွက်နှုန်းကောင်းမွန်လာအောင် စိုက်ပျိုးရေးနည်းပညာများဖြင့် ပြုလုပ်နိုင်ပါက ဈေးကွက်လည်း ခိုင်မာလာမှုနှင့်အညီ ဈေးကောင်းနှင့်အခြေအနေကောင်းကို မျှော်လင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။

**Source: https://t.me/htwettoe**

## တရုတ်နှစ်သစ်ကူးအကြိုကာလရက်များ ဖရဲဈေးကွက်ကျဆင်း



မကွေးဂျာနယ်

မူဆယ်ဈေးကွက်တွင် တရုတ် နှစ်သစ်ကူးအကြိုကာလရက်များတွင် ဖရဲ၊ သခွား ဈေးကွက် ဈေးကောင်းရရှိလေ့ရှိသော်လည်း တင်ပို့မှုပမာဏများခြင်းနှင့် အရည်အသွေးမပြည့်မီသည့်အသီးများ တင်ပို့မှုရှိလာတာကြောင့် ဈေးအမြင့်ဖြစ်နေရာကနေ ဇန်နဝါရီ ၁၉ ရက် တွင် ဈေးကွက်ကျဆင်းသွားကြောင်းသိရသည်။

တရုတ်နှစ်သစ်ကူးရက်ဖြစ်သည့် ဇန်နဝါရီ ၂၁ ရက်မတိုင်မီ တရုတ်အဝေးဝယ်လက်များ အသီးဝယ်ယူမှုကောင်းနေတာကြောင့် ဈေးကောင်းရရှိသော်လည်း ယခုရက်ပိုင်းအတွင်း ဈေးကျဆင်းသွားကြောင်း ခွာညိုပွဲရုံမှသိရသည်။

ဇန်နဝါရီ ၁၉ ရက်တွင် ၈၅၅ ဖရဲတစ်တန်တွင် ယွမ် ၃၀၀၀- ၃၅၀၀ သာ ပေါက်ဈေးရှိပြီး ထိုင်ဝမ်သီး တစ်တန်လျှင် ယွမ် ၂၅၀၀- ၃၅၀၀၊ ဒိုးကျည်သီး တစ်ကီလိုလျှင် ၂ ဒသမ ၅ ယွမ်၊ သခွား တစ်တန် ယွမ် ၃၅၀၀-၄၂၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ဖရဲဈေးကွက်ကောင်းသော်လည်း အသီးတင်ပို့မှုစရိတ်များ၊ စိုက်ပျိုးစရိတ်များ မြင့်တက်နေတာကြောင့် ယခင်နှစ်ထက် အသီးစိုက်ပျိုး ထုတ်လုပ်နိုင်မှု နည်းပါးတာကြောင့် ဈေးကွက်ကောင်းရရှိနိုင်သော်လည်း အရည်အသွေးမပြည့်မီသည့် အသီးများ တင်ပို့မှုကြောင့် ဈေးကွက်မကြာခဏ ကျဆင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရက်ပိုင်းအတွင်း ပြည်တွင်းစားသုံးသည့် ဆန်ဈေးမြင့်တက်လာ

ပြည်တွင်းစားသုံးသည့် ဆန်ဈေးကွက်တွင် ဆန်စက်များမှ ဆန်ထုတ်လုပ်မှုလျော့နည်းလာသဖြင့် ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်ခန့်ကစ၍ အနည်းငယ်ဈေးလှုပ်ခဲ့ပြီး လက်လီဈေးကွက်၌ ဆန်တစ်ပိုင်းလျှင် ငွေကျပ် ၃၀၀၀ မှ ၅၀၀၀ ဝန်းကျင် ဈေးမြင့်တက်လာကြောင်း သိရသည်။

"ဆန်စက်တွေက လိုသလောက်ထုတ်မရောင်းနိုင်လို့ ဆန်သစ်ဈေးတက်လာတယ်။ စက်တွေက လျှပ်စစ်ဓာတ်အား လုံလောက်စွာမရလို့ ဝယ်လိုအားရှိသလောက် စပါးကြိတ်ခွဲတာမလုပ်နိုင်တော့တာရယ်၊ ပဲပေါ်ချိန်မှာ ဆန်ဈေးကစားလာတာကြောင့် ဈေးလှုပ်လာတယ်ထင်တယ်။ လေးရက်ဝန်းကျင်လောက်မှာ ဆန်ဈေးလှုပ်လာတာ"ဟု စိန်ဆန်ပွဲရုံမှပြောသည်။

ဆန်ဈေးကွက်တွင် ဆန်သစ်များ ဈေးမြင့်တက်လာသဖြင့် လက်ကျန်ဆန်ဟောင်းများလည်း ဈေးတက်လာခဲ့ရာ ပေါ်ဆန်မွှေးထိပ်စ တစ်ပိုင်းလျှင် ငွေကျပ် ၉၀၀၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး၊ အခြားဆန်သစ်များမှာ အမျိုးအစားအလိုက် တစ်ပိုင်းလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်နှင့်အထက် ဈေးတက်လာကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ ဆန်ဈေးကွက် တည်ငြိမ်နေရာက ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ ဈေးလှုပ်လာပြီး စပါးဈေးမှာလည်း မြင့်လာကြောင်းသိရသည်။

"ဈေးတက်တာက တစ်ပတ်အတွင်း တက်သွားတာ။ ရွှေဘိုဘက်မှာလည်း လမ်းကြောင်းအခက်အခဲရှိတာရယ်၊ ဒီနှစ်မှာ ဆန်သစ်အထွက်နှုန်းနည်းတာရယ်နဲ့ အခြားအကြောင်းတွေကြောင့်ဖြစ်မယ်။ ပေါ်ဆန်းဘေးကြားဆိုရင် တစ်ပိုင်းကို တစ်သောင်းနီးပါးဈေးတက်တယ်။ အခြားနယ်တွေက အဝယ်လိုက်လာလို့ ရွှေဘိုဆန်တွေ ဈေးအတက်ဆုံးပြောရမယ်"ဟု ကျော်ဆန်ပွဲရုံမှပြောသည်။

အလားတူ ပြည်ပတင်ပို့သည့် ဆန်ကြမ်းဈေးများလည်း ရက်ပိုင်းအတွင်း အနည်းငယ်မြင့်တက်လာသကဲ့သို့ စပါးဈေးမှာလည်း တင်း ၁၀၀လျှင် ငွေကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ ဝန်းကျင် ဈေးတက်လာကြောင်း၊ ဘင်္ဂလားဒေ့ရှ်မှ မြန်မာ့ဆန်ကို G to G ဖြင့် နှစ်စဉ်ဝယ်ယူရန် စာချုပ်အရ ဇန်နဝါရီ ၉ ရက်ထိ ဆန်တန်ချိန် ၁၇၄၀၀၀ ကျော် တင်ပို့ပြီးဖြစ်၍ ဆန်တန်ချိန် ၂၅၀၀၀ ကိုလည်း သင်္ဘောတင်နေဆဲဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ၁၆.၁.၂၀၂၃ မှ ၂၀.၁.၂၀၂၃ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




**ဆန်၊ စပါး**

ဝါးတန်းဈေးကွက်မှာတော့ ဆန်သစ်ဈေးတွေရော ဆန်ဟောင်းဈေးတွေပါ မြင့်တက်နေပါတယ်။ တရုတ်အဝယ်ရှိနေပြီး အခြားဆန်တင်ပို့မှုတွေပါ ရှိနေတဲ့အတွက် ဈေးတွေ မြင့်တက်နေတယ်လို့သိရပါတယ်။ နယ်ဈေးကွက်တွေမှာတော့ လက်ကျန်စပါးတွေ နည်းနေပြီး ရန်ကုန်ကိုတော့ ဆန်အဝင်ပုံမှန်ရှိကာ အရောင်းအဝယ်ကောင်းနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ပေါ်ဆန်းသစ် (နယ်စုံ၊ဖျာပုံ၊မြောင်းမြ၊ဒေးဒရဲ)တို့က တစ်အိတ်ကို ၅၉၀၀၀ ကနေ ၆၅၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၃၀၀၀ ကနေ ၅၀၀၀ ကြားဈေးမြင့်တက်လာပါတယ်။ အဟောင်းကတော့ တစ်အိတ်ကို ၆၁၀၀၀ ကနေ ၆၇၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၀၀၀ ကနေ ၅၀၀၀ကြားဈေးမြင့်တက်လာပါတယ်။

ရွှေဘိုပေါ်ဆန်းအသစ်ကတော့ တစ်အိတ်ကို ၇၃၀၀၀ ကနေ ၈၀၀၀၀ ကြားပေါက် ဈေးရှိနေပြီး တစ်အိတ်ကို ၈၀၀၀ ကျပ်၊ရွှေဘိုပေါ်ဆန်းအဟောင်းဆန်ကတော့ တစ်အိတ်ကို ၉၃၀၀၀ ကနေ ၁၀၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၆၀၀၀ကျပ် အသီးသီးဈေးမြင့်တက်လာပါတယ်။

ဧည့်မထဆန်ကတော့ ဈေးငြိမ်နေပြီး မီးဒုံးဆန်သစ်ကတော့ တစ်အိတ်ကို ၄၈၀၀၀ ကနေ ၅၀၀၀၀ ကြားပေါက်ဈေး ရှိနေပြီး တစ်အိတ်ကို ၄၀၀၀ကျပ်၊ ဧည့်မထ ၂၅ မှတ်တန်ကတော့ ၄၂၅၀၀ကနေ ၄၃၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ရက် ၉၀ ဆန်ကတော့ တစ်အိတ်ကို ၄၅၅၀၀ ကနေ ၄၇၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀ကျပ် ဈေးမြင့်တက်လာပါတယ်။

နယ်ဈေးကွက်တွေမှာလည်း စပါးတင်း ၁၀၀ ကို ၅၀၀၀၀ လောက်ဈေးမြင့်တက်လာပါတယ်။ ဆန်စပါးကတော့ လာမယ့် နွေဆန်ထွက်တဲ့အချိန်ထိ အမြင့်ဈေးနဲ့ပဲရှိနေဦးမယ်လို့ ဆန်ကုန်သည်အများစုက ခန့်မှန်းထားပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်ဈေးကွက်မှာ အတက်အကျရှိနေပါတယ်။ အသစ်တွေ ဈေးကွက်ထဲကို စပြီးဝင်နေပြီဖြစ်တဲ့ အပြင် ပြည်ပတင်ပို့မှုအတွက် ဝယ်ယူမှုတွေရှိတာဖြစ်လို့ ဈေးကအများကြီး ကျဆင်းသွားတာမျိုးမရှိပါဘူး။ အိန္ဒိယနိုင်ငံ ကတော့ မတ်ပဲကို အရန်ပဲအဖြစ် တန်ချိန် ၄ သိန်းကို ပေါက်ဈေးအတိုင်းဝယ်ယူဖို့ ဆွေးနွေးနေတယ်လို့ Current content က ဖော်ပြတဲ့ ဘာသာပြန်သတင်းတစ်ပုဒ်အရ သိရပါတယ်။

အိန္ဒိယနိုင်ငံက ဒီနှစ်မှာ ပဲအထွက်နှုန်းလျော့နည်းတာဖြစ်လို့ မတ်ပဲဈေးက ပေါက်ဈေးအတိုင်းဝယ်ယူပါက ရေရှည်မှာ ဈေးကောင်းရနိုင်ပေမယ့် မူဝါဒအမြဲပြောင်းလဲနေတဲ့ အိန္ဒိယကိုတော့ စောင့်ကြည့်ရမယ့်အခြေအနေဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၆ သိန်း ၆ သောင်းကျော်ပတ်လည် ပေါက်ဈေးရှိနေပြီး အတက်အကျကလည်း တစ်သောင်းကျော်လောက်သာ ရှိပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၆၀၀၀၀ ကနေ ၁၆၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ကျပ် ဈေးတက်ပါတယ်။ မုံရွာဈေးကွက်၊အောင်လံဈေးကွက်၊မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၂၅၀၀၀ ကနေ ၅၅၀၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာတော့ တစ်တင်းကို ၁၅၀၀ လောက်ဈေးတက်ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့အပတ်ကတည်းက တစ်တန်ကို ၁၈ သိန်းကျော်ထိ ပေါက်ဈေးရှိနေခဲ့ပြီး၊ ဒီတစ်ပတ်မှာတော့ ဈေးက အမြင့်ဈေးနဲ့ငြိမ်နေတဲ့ အခြေအနေဖြစ်ပါတယ်။ ပဲစင်းငုံနီနဲ့ပတ်သတ်ပြီး အိန္ဒိယနိုင်ငံမှာလည်း အထွက်နှုန်းလျော့နည်းမယ်၊ ပြည်ပကနေ ဝယ်ယူရမယ်ဆိုတဲ့ထုတ်ပြန်ချက်တွေကြောင့် ပဲစင်းငုံနီကတော့ ဈေးကောင်းရှိနေပါတယ်။ အိန္ဒိယနိုင်ငံက အရန်ပဲသိုလှောင်ဖို့ ပဲစင်းငုံနီကို မြန်မာနဲ့အာဖရိကကနေ ပေါက်ဈေးအတိုင်းပေးပြီးဝယ်ယူဖို့ ဆွေးနွေးနေတယ်လို့ သိရပါတယ်။

အိန္ဒိယက ပေါက်ဈေးအတိုင်းလို့ဆိုပေမယ့် ဈေးအရမ်းမြင့်ရင်တော့ မူဝါဒတွေပြောင်းပြီး ဈေးနှုန်းထိန်းချုပ်တာတွေ ပြုလုပ်တတ်လို့ ကုန်သည်တွေအနေနဲ့ သတိထားစောင့်ကြည့်ရမယ့် အခြေအနေဖြစ်ပါတယ်။ လက်ရှိ ပဲစင်းငုံနီဈေးကွက်ကတော့ အိန္ဒိယနိုင်ငံအပြင် တရုတ်ဝယ်ယူမှုပါရှိနေလို့ ဈေးကောင်းရရှိနေတာပါ။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီကတော့ တစ်တန်ကို ၁၈ သိန်း ၂ သောင်းပတ်ချာလည် အတက်အကျရှိနေပါတယ်။ မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၇၀၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၃၀၀၀ လောက်ဈေးမြင့်တက်လာပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာနှင့်အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၅၇၀၀၀ ကနေ ၅၇၅၀၀ ကြား ပေါက်ဈေးရှိနေပြီး ၂၀၀၀ လောက် ဈေးတက်ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဈေးတွေပြန်တက်လာပါတယ်။ အချို့နယ်တွေမှာ လက်ကျန်နည်းလာပြီလို့ သိရပါတယ်။ တရုတ်ကလည်း ဝယ်ယူမှုရှိနေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ပဲခူးရွှေဝါ၊ခရမ်းရွှေဝါ၊ ဝါးခယ်မ)တို့က တစ်ပိဿာကို ၂၀၈၀ ကနေ ၂၉၂၀၀ ကြား ပေါက်ဈေးရှိနေပြီး အကျဈေးနဲ့ ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ)က တစ်အိတ်ကို ၁၃၅၀၀၀ ကနေ ၁၄၅၇၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀၀၀ လောက်ဈေးမြင့်တက်လာပါတယ်။ ခရမ်းရွှေဝါတို့ကလည်း တစ်အိတ်ကို ၁၆၅၀၀၀ ကနေ ၁၈၅၀၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၃၆၅၀၀ ကနေ ၄၈၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၅၀၀ လောက် ဈေးတက်လာပါတယ်။

အောင်လံဈေးကွက်မှာလည်း တစ်တင်းကို ၄၂၀၀၀ ကနေ ၅၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၅၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

**ပဲလွန်း**

ပဲလွန်းတွေကတော့ ဈေးပြန်မြင့်တက်လာပါတယ်။ ဈေးကွက်ထဲ ပဲအသစ်တွေအဝင်ရှိနေပြီး ပြည်ပတင်ပို့မှုလည်း ကောင်းနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲလွန်းဖြူက တစ်ပိဿာကို ၁၉၈၀ ကနေ ၂၀၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၇၀ လောက် ဈေးမြင့်တက်လာပါတယ်။ ပဲလွန်းနီကတော့ တစ်ပိဿာကို ၂၉၆၅ ကနေ ၃၀၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၈၅ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲလွန်းပြာက တစ်အိတ်ကို ၁၁၀၀၀၀ ကနေ ၁၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၇၀၀၀ ကျပ် ဈေးတက်လာပါတယ်။ ပဲလွန်းဖြူကလည်း တစ်အိတ်ကို ၁၂၀၀၀၀ ကနေ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၈၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

**မြေပဲ**

မြေပဲလုံးဆန်နီ၊ ဆန်ဖြူတို့ကတော့ ဈေးကွက်ထဲ ဈေးတွေပြန်မြင့်တက်လာပါတယ်။ ဆီစက်တွေက ဝယ်ယူမှုများပြား တယ်လို့သိရပါတယ်။

မန္တလေးဈေးကွက်မှာတော့ မြေပဲလုံးဆန်နီက တစ်ပိဿာကို ၆၇၀၀ ကနေ ၇၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၃၀၀ ကျပ်ဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း မြေပဲလုံးဆန်ဖြူက တစ်ပိဿာကို ၆၀၀၀ ကနေ ၆၂၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၆၀၀ ကျပ်၊ မြေပဲလုံးဆန်နီကတော့ တစ်ပိဿာကို ၆၇၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

အောင်လံဈေးကွက်မှာလည်း မြေပဲလုံးဆန်နီ မြေပဲလုံးဆန်ဖြူတို့က တစ်ပိဿာကို ၅၆၅၀ ကနေ ၆၆၀၀ ပေါက်ဈေး ရှိနေပြီး တစ်ပိဿာကို ၅၀၀လောက် ဈေးမြင့်တက်လာပါတယ်။

**AMIA**

**Source:** https://t.me/htwettoe

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကိုးလခွဲအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၄၁၄ သန်းကျော်ဖြစ်ပေါ်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကိုးလခွဲအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍ၌ ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၄၁၄ သန်းကျော်ဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။

ကုန်သွယ်ရေးလိုငွေဆိုသည်မှာ မြန်မာနိုင်ငံက တင်ပို့သည့်ပို့ကုန်ပမာဏထက် အခြားနိုင်ငံများမှ တင်သွင်းသည့် သွင်းကုန်ပမာဏက ပို၍များနေခြင်းကို ဆိုလိုသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရေးဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုနှစ်ခုလုံးဖြင့် ကုန်သွယ်ရေးဆောင်ရွက်နေခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၁၃ ရက်အထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု စုစုပေါင်းပမာဏ ဒေါ်လာ ၂၆၅၃၆ ဒသမ ၃၈၆ သန်း ရရှိထားသည်။

အဆိုပါကာလအတွင်း စုစုပေါင်းပို့ကုန်တင်ပို့မှုပမာဏ ဒေါ်လာ၁၃၀၆၀ ဒသမ ၈၀၇ သန်းရှိပြီး သွင်းကုန်တင်သွင်းမှု ဒေါ်လာ ၁၃၄၇၅ ဒသမ ၅၇၉ သန်းအထိရှိသည်။

လက်ရှိဘဏ္ဍာနှစ် ဇန်နဝါရီ ၁၃ ရက်အထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု၌ ပို့ကုန်တင်ပို့မှုပမာဏသည် သွင်းကုန်တင်သွင်းမှုထက် ဒေါ်လာ ၄၁၄ ဒသမ ၇၇၂ သန်း လျော့ကျခဲ့သည်။ ထို့ကြောင့် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၄၁၄ သန်းကျော်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိဘဏ္ဍာနှစ် ဇန်နဝါရီ ၁၃ ရက်အထိ ပင်လယ်ရေကြောင်းကုန်သွယ်မှု ဒေါ်လာ၂၀၁၈၂ ဒသမ ၃၉၀ သန်းရရှိသည်။ ယင်း အနက် ပို့ကုန်တင်ပို့မှုပမာဏ ဒေါ်လာ ၈၄၂၆ ဒသမ ၅၀၀ သန်းသာရှိပြီး သွင်းကုန် တင်သွင်းမှု ဒေါ်လာ ၁၁၇၅၅ ဒသမ ၈၉၀ သန်းရှိသည်။

နယ်စပ်ကုန်သွယ်မှုတွင် ဒေါ်လာ ၆၃၅၃ ဒသမ ၉၉၆ သန်းရှိပြီး ယင်းအနက် ပို့ကုန်တင်ပို့မှုပမာဏ ဒေါ်လာ ၄၆၃၄ ဒသမ ၃၀၇ သန်းအထိရှိပြီး သွင်းကုန်တင်သွင်းမှု ဒေါ်လာ ၁၇၁၉ ဒသမ ၆၈၉ သန်းသာရှိသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အလိုက် ကုန်သွယ်ရေးလိုငွေ/ပိုငွေဖြစ်ပေါ်မှုများကို လေ့လာကြည့်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာငါးဘီလျံကျော်ရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော်၊ ၂၀၁၈ ခုနှစ် ကြားကာလ ခြောက်လတွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ တစ်ဘီလျံကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ တစ်ဘီလျံကျော်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၁ ဒသမ ၃ ဘီလျံကျော်ရှိခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/243407

## STOCK EXCHANGE (23.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,552 (Shares) | 14,393,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 372 | 3,199,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 2,064 | 6,708,000 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 10 | 75,000 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 1,906 | 3,430,800 | 24,720,530 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 200 | 980,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.00 | +0.00 | +0.00% | 386.00 | 386.00 | 386.00 | 4,552 | 14,393,000 | 7 | 671,486 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 1:00 pm, 23rd Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,552 (Shares) | 14,393,000 (MMK) |

| MYANPIX | 386.00 |
|---|---|
| | ▲ 0.00 |
| Total Volume (shares) | 4,552 |
| Total Value (MMK) | 14 mil |
| Listed Company | 7 |
| Market Cap. (MMK) | 671,486 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR